# ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်းတရား ခြောက်ပါး

၁၄၁။ ရဟန်းတို့ မဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခြောက်ပါးတို့ကို ဟောပေအံ့၊ ထိုတရားကိုနာကုန်ဦးလော့၊ ကောင်းစွာ နှလုံးသွင်းကုန်ဦးလော့၊ ဟောပေအံ့ဟု မိန့်တော်မူ၏။

"အသျှင်ဘုရား ကောင်းပါပြီ"ဟု ထိုရဟန်းတို့သည် မြတ်စွာဘုရား အား ဝန်ခံကုန်၏။ မြတ်စွာဘုရားသည် ဤတရားကို ဟောတော်မူ၏။

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ (စိတ်) ဖြင့် ပြုသော ကိုယ်အမှုအရာကိုမျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှုထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိ ပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၁)

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ (စိတ်) ဖြင့်ပြုသော နှုတ်အမှုအရာကိုမျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှု ထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၂)

ရဟန်းတို့ ရဟန်းတို့သည် သီတင်းသုံးဖော်တို့အား မေတ္တာ (စိတ်) ဖြင့်ပြုသော စိတ်အမှုအရာကိုမျက်မှောက်မျက်ကွယ် နှစ်ပါးလုံး၌ ရှေးရှု ထင်စေကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၃)

ရဟန်းတို့ ရဟန်းတို့သည် တရားနှင့်အညီရသော ဓမ္မိယလာဘ်တို့ကို အယုတ်ဆုံးအားဖြင့် သပိတ်အတွင်းရှိ ဆွမ်းမျှကိုသော်လည်း သီးခြား ခွဲ၍ မသုံးဆောင်ဘဲ သီလရှိသော သီတင်းသုံးဖော်တို့နှင့် သက်ဆိုင်စေ၍ သုံးဆောင်ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိ ပေ၏၊ ဆုတ်ယုတ်ရန်ကားမရှိပေ။ (၄)

ရဟန်းတို့ (တဏှာ့ကျွန်အဖြစ်မှ) ကျွတ်လွတ်စေတတ်ကုန်သော ပညာရှိတို့ ချီးမွမ်းအပ်ကုန်သောမှားယွင်းစွာ မသုံးသပ်အပ်ကုန်သော သမာဓိကို ဖြစ်စေတတ်ကုန်သော မကျိုး မပေါက် မပြောက် မကျားကုန် သော သီလတို့သည် ရှိကုန်၏၊ ထိုသို့သော သီလတို့ဖြင့် ရဟန်းတို့သည် မျက်မှောက် မျက်ကွယ်နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် သီလချင်း တူမျှလျက် နေကြသမျှကာလပတ်လုံး ရဟန်းတို့အားကြီးပွါးရန်သာ ရှိ ပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၅)

ရဟန်းတို့ (နိဗ္ဗာန်သို့) ဆောင်တတ်သော အကြင်အရိယာပညာသည် ထိုအရိယာပညာကို ဖြစ်စေ သူအားဆင်းရဲစင်စစ်ကုန်ခြင်းငှါ ဆောင် တတ်၏၊ ထိုသို့သော အရိယာပညာအားဖြင့် ရဟန်းတို့သည်မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ သီတင်းသုံးဖော်တို့နှင့် ပညာချင်းတူမျှလျက် နေ ကြသမျှ ကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေ။ (၆)

ရဟန်းတို့ ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခြောက်ပါးတို့သည် ရဟန်းတို့၌ တည်၍ရဟန်းတို့သည်လည်း ဤမဆုတ်ယုတ်ကြောင်း 'အပရိဟာနိယ' တရား ခြောက်ပါးတို့ကိုကျင့်သုံးနေကြသမျှကာလပတ်လုံး ရဟန်းတို့အား ကြီးပွါးရန်သာ ရှိပေ၏၊ ဆုတ်ယုတ်ရန်ကား မရှိပေဟု (ဟောတော်မူ၏)။